Digital Money Myanmar Ltd.
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

သတင်းထုတ်ပြန်ချက်

# Wave Money မှ မြန်မာနိုင်ငံရှိ COVID-19 လှုပ်ရှားမှုများဆိုင်ရာ ဒီဂျစ်တယ်ငွေပေးချေမှုကဏ္ဍအား ဦးဆောင်လျက်ရှိ

***Wave Money မှ ပြီးပြည့်စုံသော ဒီဂျစ်တယ်ငွေကြေးထုတ်ယူမှုနည်းပညာဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းစုများအား ထောက်ပံ့ပေးခြင်းဖြင့် အကူအညီလိုအပ်လျက်ရှိသော ကဏ္ဍများသို့ ပံ့ပိုးပေးလျက်ရှိ***

**ရန်ကုန် - မြန်မာ၊ ဇွန်လ (၈) ရက်နေ့၊ ၂၀၂၀ ။** ။ အစိုးရအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းစုများသည် မြန်မာနိုင်ငံ၏ မိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုကဏ္ဍ၏ ဦးဆောင်ကုမ္ပဏီ တစ်ခုဖြစ်သော Wave Money နှင့် ပူးပေါင်းကာ COVID-19 ကပ်ရောဂါအခြေအနေများကြောင့် ထိခိုက်ဆုံးရှုံးမှုများ ရင်ဆိုင်ကြုံတွေ့လျက်ရှိသည့် လူ့အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသို့ ဒီဂျစ်တယ်နည်းပညာဖြင့် ကူညီထောက်ပံ့ပေး လျက်ရှိသည်။

Wave Money မှ COVID-19 ကာလအတွင်း အကူအညီလိုအပ်လျက်ရှိသော ကဏ္ဍများနှင့် ပြည်သူများထံသို့ ငွေထောက်ပံ့ခြင်း အစီအစဉ်များအတွက် ဝန်ဆောင်ခမယူဘဲ ကူညီပံ့ပိုးပေးလျက်ရှိသည်။ Wave Money သည် လူမှုဖူလုံရေးဝန်ဆောင်မှုများ၊ လယ်သမားများအတွက် ချေးငွေအစီအစဉ်များ၊ အထည်ချုပ်လုပ်သားများအတွက် အရေးပေါ်ထောက်ပံ့ငွေများ၊ လမ်းဘေး ဈေးသည်နှင့် အခက်အခဲကြုံတွေ့နေရသော ပြည်သူများအတွက် ထောက်ပံ့ငွေများစသည်တို့အတွက် လုံခြုံစိတ်ချစွာနှင့် လွယ်ကူလျင်မြန်စွာ ထောက်ပံ့ပေးနိုင်သော ဒီဂျစ်တယ်ပလက်ဖောင်း တစ်ခုဖြစ်လာခဲ့သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ ဥရောပသမဂ္ဂ၏ လူသားချင်းစာနာထောက်ထားမှု တိုးတက်ရေးဆိုင်ရာ Peace Nexus Response Mechanism (NRM) နှင့် ကုလသမဂ္ဂ စီမံကိန်းများဆိုင်ရာရုံးမှ ဦးစီးသော မြန်ကူအရေးပေါ်ထောက်ပံ့ငွေစီမံကိန်း၊ ဒို့အိမ်နှင့် MultiVerse Advertising တို့မှ ဦးစီးသော လမ်းဘေးဈေးသည်များအား ကူညီထောက်ပံ့ပေးလျက်ရှိသည့် “I Do Nation” ကမ်ပိန်း နှင့် မြန်မာနိုင်ငံကျော်ရုပ်ရှင်မင်းသား ဇာဏ်ခီ နှင့် Central Base Production မှ ဦးစီးသော FCPN ထောက်ပံ့ငွေပေးအပ်သည့် စီမံကိန်းတို့သည် Wave Money ၏ ဒီဂျစ်တယ်ပလက်ဖောင်းမှတဆင့် ဝန်ဆောင်ပေးအပ်စရာ မလိုဘဲ အခမဲ့ ငွေကြေးလွှဲပြောင်း ပေးနိုင်ရန် Wave Money မှ ပံ့ပိုးပေးလျက်ရှိသည်။

Wave Money ၏ “Wave နဲ့အတူလက်တွဲကူ” အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ နှင့်ပူးပေါင်းကာ PCNC COVID Donation ပလက်ဖောင်းအား WavePay အက်ပလီကေးရှင်း တွင် ထည့်သွင်းခဲ့ပြီး အများပြည်သူများမှ အလှူငွေများထည့်ဝင်နိုင်စေရန် လုပ်ဆောင်ခဲ့သည်။ အဆိုပါ ရန်ပုံငွေမြှင့်တင်ရေး အစီအစဉ်ကို (၂)လတာ ဆောင်ရွက်သွားမည်ဖြစ်ကာ COVID-19 သံသယလူနာများ စောင့်ကြည့်ခြင်း၊ ပညာပေးလုပ်ငန်းများ

ဆောင်ရွက်ခြင်း၊ သတင်းများဖြန့်ချိခြင်းနှင့် လိုအပ်သော ဆေးပစ္စည်းများဝယ်ယူတင်သွင်းခြင်းတို့ အတွက် အဆိုပါလှူငွေများကို အသုံးပြုသွားမည်ဖြစ်သည်။

“ဒီဂျစ်တယ်နည်းပညာကို အသုံးပြုပြီးတော့ ငွေကြေးဆိုင်ရာ အကူအညီပေးခြင်းက အခုလိုအခြေအနေမျိုးမှာ ထိရောက်တဲ့ နည်းလမ်းတစ်ခုပဲဖြစ်ပါတယ်။ အချိန်နဲ့ လူ့စွမ်းအားကို ချွေတာနိုင်ရုံသာမကဘဲ လူ့အသက်ပေါင်းများစွာကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။ လူသားချင်းဆိုင်ရာ စာနာထောက်ထားမှုအစီအစဉ်တွေနဲ့ “Wave နဲ့အတူလက်တွဲကူ” အစီအစဉ်တွေရဲ့ ပံ့ပိုးပေးမှုတွေကတစ်ဆင့် အားလုံးပါဝင်နိုင်တဲ့ ငွေကြေးစနစ်ကို ပိုမိုအကောင်အထည်ဖော်နိုင်စေပြီး Wave Money ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကိုဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒီထက်ပိုပြီး အရေးကြီးတာက အားလုံးယုံကြည်ထားကြသလို နည်းပညာဟာ ကောင်းမွန်တဲ့အရာတွေအတွက် အားတစ်ခုဖြစ်ပါတယ်။ အားတင်းထားပါ မြန်မာ!” ဟု Wave Money ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Brad Jones မှ ပြောကြားသည်။

**ဒီဂျစ်တယ်ငွေကြေးဝန်ဆောင်မှုများ အရှိန်အဟုန်မြှင့်တင်**

ပြည်သူများ၏ ကျန်းမာရေးအတွက် COVID-19 ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရာတွင် လူလူချင်းထိတွေ့မှု လျှော့ချရေးဆိုင်ရာ တားမြစ်မှုများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိခြင်းနှင့် ငွေကြေးလက်ဝယ်သုံးစွဲမှုနှုန်းများအား လျှော့ချခြင်းကြောင့် လူမှုအဖွဲ့အစည်းများအတွင်း ဒီဂျစ်တယ်ငွေပေးချေမှုများအား တွင်တွင်ကျယ်ကျယ်အသုံးပြုလျက်ရှိသည်။ “သန်းပေါင်းများစွာသောလူတွေဟာ အခုအချိန်မှာ မိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုတွေကို လက်ခံလာကြပါပြီ။ သက်သောင့်သက်သာရှိစွာ လုံခြုံစွာနဲ့ပဲ အိမ်မှာနေရင်း ကုန်ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေကို လွယ်လွယ်ကူကူနဲ့ရရှိနိုင်၊ ငွေလွှဲပြောင်းပေးနိုင်ကြပါပြီ။ ဒီဂျစ်တယ်နည်းပညာဟာ အချိန်မရွေး၊ နေရာမရွေး လွယ်လင့်တကူနဲ့ မတူညီတဲ့အတွေ့အကြုံ တွေကို ပေးစွမ်းနိုင်ပါတယ်” ဟု Brad Jones မှ ထပ်မံပြောကြားခဲ့သည်။

Wave Money ၏ COVID-19 ကာလအတွင်း သိသာထင်ရှားသည့်အောင်မြင်မှုမှတ်တိုင်များထဲတွင် စိုက်ပျိုးရေးကဏ္ဍ အပြုသဘောဆောင်သော ပြောင်းလဲမှုများအတွက် ဒီဂျစ်တယ်ဆိုင်ရာသက်ရောက်မှုဖော်ဆောင်နိုင်ခြင်းသည် တစ်ခု အပါအဝင်ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်ပူးပေါင်းကာ လယ်သမားများအတွက် WavePay မှတဆင့် ဒီဂျစ်တယ် ချေးငွေထုတ်ပေးခြင်း အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

**တောင့်ခံနိုင်မှုအားနည်းသော လူမှုအသိုင်းအဝိုင်းများသို့ ပံ့ပိုးကူညီခြင်း**

Wave Money သည် လက်ရှိလုပ်ဆောင်လျက်ရှိသော လှုပ်ရှားမှု အစီအစဉ်များအားပိုမို အားကောင်းလာစေရန် ရည်ရွယ်ကာ COVID-19 ကြောင့် ပြင်းထန်စွာထိခိုက်နစ်နာခဲ့သော ကဏ္ဍများအတွက် “အားတင်းထားပါ မြန်မာ!” #StayStrongMyanmar လှုပ်ရှားမှုကို ဧပြီလတွင်စတင်ခဲ့ပြီး ပြည်သူနှင့်ပူပေါင်းကာ ထောက်ပံ့ကူညီပေးလျက်ရှိသည်။

WavePay အက်ပလီကေးရှင်းမှတဆင့် လူလူချင်းထိတွေ့မှု လျှော့ချပြီး လုံခြုံစိတ်ချရသော နည်းလမ်းဖြင့် လှူဒါန်းမှုများကို အကျိုးခံစားရသူများထံ တိုက်ရိုက်ပေးပို့နိုင်အောင် ဆောင်ရွက်လျက်ရှိသည်။ နာရေးကူညီမှုအသင်း (ရန်ကုန်)၊ ဓမ္မရောင်ခြည်၊

Digital Money Myanmar Ltd.
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

နှင်းဆီကုန်း နှင့် စသည့် COVID-19 တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးတို့တွင် ပါဝင်လုပ်ကိုင်နေကြသော အဖွဲ့အစည်းများသို့ တိုက်ရိုက်လှူဒါန်းမှုများ လုပ်ဆောင်နိုင်သည်။

ထို့အပြင် Wave Money သည် ကျန်းမာရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်လျက်ရှိသော အဖွဲ့အစည်းများဖြစ်သည့် Medical Action Myanmar နှင့် Population Services International Myanmar တို့အား မြန်မာကျပ်ငွေ ၆၈ သန်းကျော်ကို လှူဒါန်းပေးအပ်ခဲ့သည်။ ၎င်းအဖွဲ့အစည်းအစည်းများသည် COVID-19 စတင်ဖြစ်ပွားသည့် အချိန်ကစပြီး COVID-19 နှင့် ပတ်သက်သည့် လုပ်ငန်းစဥ်များကို တက်တက်ကြွကြွနှင့် လုပ်ဆောင်လျက်ရှိသောကြောင့် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် လိုအပ်သည်များကို ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် လှူဒါန်းခဲ့သည်။

**Wave Money အကြောင်း**

Wave Money သည် မြန်မာနိုင်ငံအနှံ့တွင် အေးဂျင့်ဆိုင်ပေါင်း ၅၇၀၀၀ ကျော်နှင့် လည်ပတ်လုပ်ကိုင်နေသော မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် ရှေ့တန်းမှ ဦးဆောင်နေသည့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်သည်။ ထို့အပြင် Wave Money သည် Telenor ၊ ရိုးမဘဏ်၊ စင်ကာပူစတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်သော Yoma Strategic Holdings တို့နှင့် ဖက်စပ်လုပ်ကိုင်နေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ၎င်း၏အေးဂျင့်ကွန်ရက်များမှတစ်ဆင့် လွယ်ကူလျင်မြန်၍ အားထားရသော မိုဘိုင်းငွေကြေးဝန်ဆောင်မှုစနစ်ကို ထောက်ပံ့ပေးနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။ Wave Money သည် ငွေကြေး လွှဲပြောင်းခြင်းနှင့် ပတ်သက်၍ တမူထူးခြားသည့် နည်းလမ်းတစ်ခုကို မြန်မာပြည်သူများသို့ မိတ်ဆက်ပေးခဲ့ပြီး သန်းချီသော မြန်မာပြည်သူများကို အွန်လိုင်းမှတဆင့် ငွေကြေးလွှဲပြောင်းသော ဝန်ဆောင်မှုကို ရယူနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ Wave Money ၏ မိုဘိုင်းငွေကြေးဝန်ဆောင်မှုမှတဆင့် နေ့စဥ် မြန်မာပြည်သူ ထောင်နှင့်ချီ၍ မိမိတို့၏ ငွေကြေးများကို အချိန်မရွေး၊ နေရာမရွေး လွယ်ကူလျင်မြန်စွာ လွှဲပြောင်းလာနိုင်ကြသည်။ Wave Money ၏ Call Center များသည် တစ်ပတ် ၇ ရက်၊ တစ်ရက် ၂၄ နာရီ အချိန်ပြည့် လည်ပတ်လျက်ရှိပြီး သုံးစွဲသူများမှ သိရှိလို၍ မေးမြန်းချက်များကို အချိန်ပြည့် ပြန်လည်ဖြေကြားပေးလျက်ရှိသည်။ အသေးစိတ်သိရှိလိုပါက http://www.wavemoney.com.mm သို့ ဝင်ရောက်လေ့လာနိုင်ပါသည်။